# ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း) ဖွဲ့စည်းတည်ထောင်ခြင်း ငွေရတု အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်

**၂၀၂၄ ခုနှစ် မတ်လ ၂၈ ရက်**

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း) ၏ ငွေရတုအထိမ်းအမှတ်နေ့တွင် မိမိတို့ ဒေသအတွင်း ဆယ်စုနှစ်များစွာ ဖြစ်ပွားနေသော စစ်ပဋိပက္ခများကြားက ကြံ့ကြံ့ခိုင်ခိုင် ဖြတ်သန်းခဲ့သည့် လမ်းခရီး၊ တရားမျှတရေးအတွက် မဆုတ်မနစ်သော ကြိုးပမ်းမှု၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးအတွက် မယိမ်းမယိုင် သော လုပ်ဆောင်ခဲ့မှုများကို မိမိတို့ ပြန်လည် သုံးသပ်မိပါသည်။ ယနေ့ကျရောက်သော ငွေရတု အထိမ်းအမှတ်နေ့ တွင် အတိတ်က အောင်မြင်မှုများကို သာမက ရှေ့တွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကိုလည်း အလေးပေး သုံးသပ်ရမည့် အချိန်သာမယ ဖြစ်ပါ သည်။

(၂၅) နှစ်ပြည့် နှစ်ပတ်လည် ငွေရတု အထိမ်းအမှတ်၏ အစိတ်အပိုင်းအဖြစ်ကျင်းပသော ရှမ်းအမျိုးသမီးများ နီးနော ဖလှယ်ပွဲကို ၂၀၂၄ ခုနှစ် မတ်လ ၂၅-၂၆ ရက်တို့တွင် ကျင်းပခဲ့ရာ ပြည်တွင်းနှင့် ရှမ်း-ထိုင်း နယ်စပ်များမှ ကြံ့ကြံ့ခံ တက်ကြွလှုပ်ရှားသူ ရှမ်းအမျိုးသမီး ၆၆ ဦး တို့ တက်ရောက်ခဲ့ကြပါသည်။ ဤနီးနောဖလှယ်ပွဲသည် ၂၀၁၉ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပနိုင်သည့် တွေ့ဆုံပွဲဖြစ်သည်။ ဤကဲ့သို့ တန်ဖိုးရှိလှသည့် တွေ့ဆုံပွဲတွင် အမျိုးသမီးများ အချင်းချင်း အတွေ့အကြုံများ မျှဝေဖလှယ်ခဲ့ကြသည့်အပြင် မိမိတို့ လူမှုအသိုင်း အဝိုင်းက ရင်ဆိုင်နေရသည့် တနေ့တခြား ပို၍ဆိုးရွားလာသော စိန်ခေါ်မှုများအား စုပေါင်းရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေဆွေးနွေးခဲ့ကြပါသည်။ အခြား ဆွေးနွေး ခဲ့သည်များမှာ စစ်အာဏာသိမ်းပြီးသည့် နောက်ပိုင်း မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ အစည်းများအကြား ဖြစ်ပွားသည့် တိုက်ပွဲများ ပိုမိုပြင်းထန်လာသောကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများ ပိုမိုဆိုးရွာလာပြီး ကလေး၊ အမျိုးသမီးနှင့် သက်ကြီးရွယ်အို အများစုပါဝင်သည့် ပြည်သူအများစုမှာလည်း အိုးအိမ်စွန့်ခွာ၍ စစ်ဘေး ရှောင်နေကြရပါသည်။ ပြည်သူလူထုအပေါင်းသည် ယခင်ဆယ်စုနှစ်ပေါင်းများစွာ ကတည်းက ကြုံတွေ့ရင်ဆိုင်နေရ သော အခက်အခဲများအပြင် မကြာသေးမီက အာဏာသိမ်းစစ်ကောင်စီ ပြဋ္ဌာန်းခဲ့သော စစ်မှုထမ်း ဥပဒေကြောင့် လည်းကောင်း၊ မိမိတို့ နယ်မြေအတွင်း လှုပ်ရှားနေကြသည့် လက်နက်ကိုင်အဖွဲ့ အစည်း အသီးသီးတို့၏ အဓမ္မ စစ်အင်အားစုဆောင်းရေးတို့ကြောင့် လည်းကောင်း ထပ်ဆင့်စိန်ခေါ်မှုများ ရင်ဆိုင်နေရကြောင်း တင်ပြဆွေးနွေး ဖလှယ်ခဲ့ကြသည်။

ဤ ၂၅ နှစ်တာ ကာလအတွင်း **စွမ်း**သည် အမျိုးသမီးရေးမူဝါဒကို စွဲကိုင်၍ ကျား-မ တန်းတူရေးနှင့် ရှမ်းအမျိုးသမီး များ၏ အခွင့်အရေးများမြှင့်တင်ရေးနှင့် လူမှုအသိုင်းအဝိုင်းများ၏ ခေါင်းဆောင်များ ဖြစ်လာနိုင်စေရေးကို တစိုက် မတ်မတ် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ခဲ့ပါသည်။ ထိုကြိုးပမ်းမှုများကြောင့် ပြည်သူလူထု ရင်ဆိုင်ခံစားနေကြရသည့် အတိဒုက္ခများကို နိုင်ငံတကာ၏ စိတ်ဝင်စားမှု အာရုံစိုက်မှု ရရှိလာစေခဲ့သည့် သမိုင်းစာမျက်နှာတခုကို ထိုးဖောက်စေ သော အစီရင်ခံစာများ ထုတ်ဝေဖြန့်ချိခဲ့ကြသည်ကစ၍ ထောင်ပေါင်းများစွာသော ပြည်သူလူထုအတွက် အကျိုးပြု နိုင်စေခဲ့သော ပညာရေး၊ သာယာဝပြောရေး၊ စွမ်းရည်မြှင့်တင်ရေး စသည့် လုပ်ငန်းစဉ်များ အပါအဝင် အောင်မြင်မှုများစွာ ဖော်ဆောင်နိုင်ခဲ့ပါသည်။ စစ်အာဏာသိမ်းပြီး နောက်ပိုင်း ဖြစ်ပေါ်လာသည့် စစ်အာဏာပိုင်၏ တရားဝင် ခွင့်ပြုချက်ဖြင့် အစီအစဉ်ချ ကျူးလွန်နေသည့် ဖိနှိပ်မှုများ၊ အကြမ်းဖက်မှုများ၊ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လူမှု-စီးပွားရေး ချွတ်ခြုံကျလာမှုများကို ပညာရေး၊ အသိအမြင်တိုးပွားရေး အပြင် မိမိတို့ လူမှုအသိုင်းအဝိုင်း၏ မလျှော့ သော ဇွဲလုံ့လတို့က ရရှိလာသည့် ခွန်အားများအားဖြင့် ရင်ဆိုင်ခုခံတွန်းလှန်ရန်နှင့် မားမားမတ်မတ် ဆက်လက် ရပ်တည်ရန် လမ်းကြောင်းကို ရွေးချယ်ခဲ့ကြပါသည်။

ရှေ့ဆက်တွင်လည်း မိမိတို့၏ လူမှုအသိုင်းအဝိုင်းကို ဝန်ဆောင်မှုများပေးခြင်း၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ခြင်း နှင့် စုံလင်ကွဲပြားသော လူမှုအသိုင်းအဝိုင်းများအားလုံး ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်နိုင်သည့် အနာဂတ် ဖော်ဆောင်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း သန္နိဋ္ဌာန် ပြုပါသည်။ ရှမ်းပြည်တွင်း လှုပ်ရှားနေသည့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ သွေးစည်းညီညွတ်ခြင်းတို့ဖြင့် ပြဿနာများ စိန်ခေါ်မှုများကို စုပေါင်းကျော်ဖြတ်ကြပြီး မိမိတို့ အကျိုးပြုလိုသော လူမှုအသိုင်းအဝိုင်းအတွက် အခွင့်အလမ်း ကောင်းများ ဝိုင်းဝန်း ဖန်တီးကြပါရန် လေးနက်စွာ တိုက်တွန်းလိုက်ပါသည်။

တိုင်းရင်းသား အခွင့်အရေးနှင့် တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့သည် မိမိတို့၏ လူမှုရေးနှင့်နိုင်ငံရေးဆိုင်ရာ အပြောင်းအလဲများအတွက် ကြိုးပမ်းသွားမည်ဆို သည့် ဦးတည်ချက်၏ အခရာအကျဆုံး အခြေခံမှုများဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်၏ အရင်းခံ ဇစ်မြစ်များကို ဖြေရှင်းနိုင်ရန် အရေးအကြီးဆုံး အခြေခံမှုများလည်းဖြစ်ပါသည်။ စုံလင် ကွဲပြားမှုများကို သည်းခံပေးနိုင်ကြရုံတင်သာမက ထိုစုံလင်ကွဲပြား မှုများကို မြတ်နိုးတန်ဖိုးထားသည့် လူတိုင်း၏ အသံကို အလေးထားပြီး ရပိုင်ခွင့် အခွင့်အရေးများကို လေးစား၍ အားလုံးပါဝင်သော လူမှုအသိုင်းအဝိုင်းတရပ် ပေါ်ပေါက်လာရေးအတွက် ဆက်လက်ကြိုးပမ်း သွားရန်လည်း မိမိတို့ **စွမ်း** က သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

ဤကဲ့သို့သော အခါသမယတွင် မိမိတို့၏ ကမ္ဘာတဝှမ်းလုံးရှိ လူမှုအသိုင်းအဝိုင်းများ၊ ထောက်ခံ အားပေးသူများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် မဟာမိတ်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးမှတ်တမ်းတင် အပ်ပါသည်။ သင်တို့၏ ယိမ်းယိုင်မသွားသော ထောက်ခံမှုများနှင့် ကူညီပံ့ပိုးမှုများသည် ယခုအချိန်ကဲ့သို့ ခက်ထန်ကြမ်းတမ်းလှသော ကာလ များကို ဖြတ်သန်းရန်နှင့် မိမိတို့၏ လှုပ်ရှားမှုကြီး ဆက်လက် တည်ရှိနိုင်စေသည့် အသက်သွေးကြောဖြစ်ပါသည်။ ရှေ့ဆက်တွင်လည်း တရားမျှတရေး၊ တန်းတူရေးနှင့် လူ့အခွင့်အရေးကို လူတိုင်းစေ့ ရနိုင်ရေးအတွက် အားလုံးနှင့် အတူ မားမားမတ်မတ် ရပ်တည်သွားမည် ဖြစ်ပြီး စိန်ခေါ်မှုများကို စုပေါင်းရင်ဆိုင်ကျော်ဖြတ်သွားမည်ဖြစ်ကြောင်း မိမိတို့ **စွမ်းမှ** ကတိပြုပါသည်။

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (စွမ်း)

**ဆက်သွယ်ရန်**

နန်းခမ်းမိုင် - (+66) 062-354-4439 (ရှမ်း၊ မြန်မာ၊ အင်္ဂလိပ်)
နန်းကောင်တစ်ပ် - (+66) 099 998 1464 (ရှမ်း၊ မြန်မာ၊ ထိုင်း)